# မဲခေါင်-ကိုရီးယားပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေ အစီအစဉ်အရ ဖွင့်လှစ်သည့် “Training on Statistical Methodologies in Rice Production Sector for Promoting Statistical Literacy” သင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

“Training on Statistical Methodologies in Rice Production Sector for Promoting Statistical Literacy” သင်တန်းဖွင့်ပွဲ အခမ်းအနားကို ၁၅-၈-၂၀၂၂ ရက်နေ့ နေ့လယ် (၁၂:၀၀) နာရီ အချိန်တွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းဇော်မှ တက်ရောက်၍ ဖွင့်လှစ်ပေးခဲ့ပါသည်။ အဆိုပါ သင်တန်းကို ၁၅-၈-၂၀၂၂ ရက်နေ့မှ ၂၆-၈-၂၀၂၂ ရက်နေ့အထိ ရုံးအမှတ် (၃၂)၊ ဗဟိုစာရင်းအင်းအဖွဲ့၏ သင်တန်းခန်းမ၌ ၁၀ ရက်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး သင်တန်းနည်းပြဖြစ်သူ ဆရာမဒေါ်ဝင်းဝင်းနု က သင်ကြားပို့ချမည်ဖြစ်ပါသည်။

**သင်တန်းဖွင့်လှစ်ရသည့် အဓိကရည်ရွယ်ချက်များမှာ-**

မြန်မာနိုင်ငံ၏ ဆန်ထုတ်လုပ်မှု၊ ပြည်တွင်းသုံးစွဲမှုနှင့် ပြည်ပတင်ပို့မှု စာရင်းအင်းဆိုင်ရာ နည်းပညာကောင်းများရရှိစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပါသည်။

**သင်ကြားပို့ချမည့် ဘာသာရပ်ဆိုင်ရာများမှာ-**

ဆန်၊ စပါးထုတ်လုပ်မှုအပေါ် သက်ရောက်စေသော အချက်များအားပို့ချခြင်း၊ Statistical Methods များကို အသုံးပြုပြီး သုတေသနပြုလုပ်ရမည့်နမူနာများနှင့် သုတေသနဇရိယာတို့ကို ဆုံးဖြတ်နိုင်ရန် လေ့ကျင့်ပေးခြင်း၊ ဆန်၊ စပါးထုတ်လုပ်မှုအပေါ် သက်ရောက်စေသော အချက်များ အပေါ်စိစစ်တွက်ချက်ရန် လိုအပ်သည့်အချက်အလက်များ ရယူစုစည်းသည့် နည်းလမ်းများကို ပို့ချခြင်း၊ အချက်အလက်များကို Statistical Software များဖြစ်သည့် SPSS Software နှင့် R Studio Software အသုံးပြု၍ စိစစ်တွက်ချက်တတ်စေရန်တို့ကို သင်ကြားပို့ချမည် ဖြစ်ပါသည်။

အဆိုပါသင်တန်းသို့ ဗဟိုစာရင်းအင်းအဖွဲ့ ရုံးချုပ်မှ (၁၂) ဦး၊ စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ (၁၁) ဦး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ (၅)ဦး စုစုပေါင်း အရာထမ်း ၊ အမှုထမ်း (၂၈) ဦး တက်ရောက်ပါသည်။